# အိဗနီ အာရ်ဗီ



အိဗနီ အာရ်ဗ် ابن عربي (၁၁၆၅ ဂျူလိုင် ၂၈- ၁၂၄၀ နိုဝင်ဘာ ၁၀) သည် အင်ဒါလူရှန် အာရပ် ဆူဖီ ဝိပဿနာ ဆရာနှင့် ဒဿနပညာရှင် ဖြစ်သည်။ သူ၏ အမည် အပြည့်အစုံမှာ အဘူ အဗ္ဗဒူလ္လာဟ် မုဟမ္မဒ် ဘင် အလီ ဘင် မုဟမ္မဒ် အိဗနီ အာရ်ဗီ အလ် ဟာတီမီအုလ် တာအီ **الحاتمي الطائي أبو عبد الله محمد بن علي بن محمد بن العربي** ဖြစ်သည်။

အိဗနီ အာရ်ဗီကို အေဒီ ၁၁၆၅ ဂျူလိုင်လ ၂၈ ရက် (ဟဂ်ျရီ ခုနှစ် ၅၆၀)တွင် မြူစီကာ ၌ မွေးဘွားခဲ့၍ အသက် ၇ နှစ်သား အရွယ်တွင် မိသားစုနှင့် အတူ ဆီဗီးလ် သို့ ပြောင်းရွှေ့ခဲ့သည်။ အသက် ၃၅ နှစ်တွင် အာရေဗီးယားသို့ သွားရောက်၍ မက္ကာဟ်တွင် ဟာ့ဂျ်ပြုခဲ့သည်။ သူသည် မက္ကာဟ်တွင် သုံးနှစ်ခန့် နေထိုင်ခဲ့၍ ထို၌ပင် အလ် ဖူတူလ်ဟတ်တုလ် မက္ကေယာ (မက္ကာဟ်မြို့၏ ရွှေကျက်သရေ) စာအုပ်ကို ရေးသားခဲ့သည်။ ၁၂၀၄ ခုနှစ်တွင် မဂျီးဒ်ဒုလ် ဒင် အီဇ်ဟာ့က် နှင့်အတူ အနာတိုလီးယားသို့ ထွက်ခွာခဲ့သည်။ အီဇ်ဟာ့က်၏သား ဆဒါဒုလ်ဒင် အလ်ကူနာဝီ (၁၂၁၀-၁၂၇၄) သည် သူ၏ ဩဇာအရှိဆုံး သာဝက ဖြစ်လာခဲ့သည်။

၁၂၃၃ ခုနှစ်တွင် သူသည် ဒမတ်စကတ်၌ အခြေချနေထိုင်ခဲ့၍ သူ၏ နောက်ဆုံး ၇ နှစ်ကို ထို၌ပင် နေထိုင်ခဲ့သည်။ အသက် ၇၆ နှစ်အရွယ် ၁၂၄၀ နိုဝင်ဘာလ ၁၀ ရက် နေ့တွင် ကွယ်လွန်ခဲ့သည်။ သူ၏ ဂူဗိမာန်မှာ ဒမတ်စကတ်တွင်ပင်ရှိ၍ အရေးပါသော အမှတ်တရာ နေရာ ဖြစ်လေသည်။

သူသည် စာတမ်း၊ စာအုပ်ပေါင်း ၈၀၀ ခန့် ရေးသားခဲ့သည်ဟု ဆိုသော်လည်း အနည်းငယ်ခန့်သာ မှတ်တင်းကြွင်းကျန်ခဲ့လေသည်။ မကြာသေးမီ သုတေသနပြုသူများက သူ၏ ပြုစုခဲ့မှုများမှ ၁၀၀ ကျော်ခန့်မှာ စာမူအဖြစ် ရှိနေသည်ဟု ဆိုသော်လည်း အမှားများနှင့် ဝေဖန်ဆန်းစစ်စရာ များစွာရှိနေ၍ ပုံနှိပ်နိုင်သော အဆင့်သို့ ရောက်မလာခဲ့သေးချေ။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com